ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၁/၂၀၁၇)

| | |
|---|---|
| Mr. Liu Xianmin (အလုပ်ရှင်)<br>ဦးထွန်းထွန်းစိုး (HR Manager)(အလုပ်ရှင်၏<br>အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>DJY Knitting (Myanmar) Co.,Ltd၊<br>အမှတ် (၈)၊ ကျန်စစ်သားလမ်း၊<br>စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |
| နှင့် | |
| ဒေါ်စောပြည့်သန္တာအောင် ပါ<br>အလုပ်သမား(၂၂၈)ဦး<br>ဦးဘသိန်း(အဆောင်)ရေဥက္ကံ၊ စိန်ရတနာလမ်း၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)၊ ကျန်စစ်သားလမ်း၊ အမှတ် (၈) ရှိ DJY Knitting (Myanmar) Co.,Ltd (ခြေအိတ်စက်ရုံ)၏ အလုပ်ရှင် Mr. Liu Xianmin ၊ ဦးထွန်းထွန်းစိုး (HR Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်စောပြည့်သန္တာအောင် ပါအလုပ်သမား (၂၂၈)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၀၃/၂၀၁၇) အရ ထိုအငြင်းပွားမှုကိုကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်စောပြည့်သန္တာအောင်ပါ အလုပ်သမား (၂၂၈)ဦးမှ တောင်းဆိုခြင်းခံရသူ Mr. Liu Xianmin (အလုပ်ရှင်)ထံတွင် အလုပ်မှရပ်စဲထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အလုပ်ပြန်မခန့်ပါက နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင် Mr. Liu Xianmin ၏ကိုယ်စား ဦးထွန်းထွန်းစိုး (HR Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)မှ အောက်ပါ ကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက် ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ၂၂၈ ဦး လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခွင့်ပြုသင့်/ မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** တိုင်ကြားသူ အလုပ်သမား ၂၂၈ ဦးအနက် အလုပ်ပြန်လည်ဝင်ရောက် သူများရှိသဖြင့် လက်ကျန်အလုပ်သမား ၁၅၀ ဦးခန့်အား ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း မူလလစာ၊ မူလနေရာ၊ မူလလုပ်သက်မပျက် ပြန်လည်ဝင်ရောက်ခွင့်ပြုရန်နှင့် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ ၅၄ အရ ယင်းအလုပ်သမားများအား ကြားကာလနစ်နာကြေးပေးရန် မလို ကြောင်း ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀၃/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် DJY Knitting (Myanmar) Co.,Ltd အလုပ်ရှင် Mr. Liu Xianmin ၏ကိုယ်စား ဦးထွန်းထွန်းစိုး (HR Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၇) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၇၁/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးဖေအောင်ဝန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူ တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထား

သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်စောပြည့်သန္တာအောင်ပါ အလုပ်သမား (၂၂၈)ဦးအား လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခွင့်ပြုသင့်/မသင့်။

**<u>အငြင်းပွားမှုဖြစ်စဉ်အပေါ် အကြောင်းခြင်းရာတွေ့ရှိချက်များ</u>**

၆။ DJY Knitting (Myanmar) Co.,Ltd (ခြေအိတ်စက်ရုံ) မှ အလုပ်သမား ဦးစိုးသူရကိုအား နို့တစ်ကြေးနှင့် နစ်နာကြေးပေး၍ အလုပ်မှရပ်စဲထုတ်ပယ်ခဲ့ခြင်းကို အကြောင်းပြု၍ ဒေါ်စောပြည့်သန္တာအောင်ပါ အလုပ်သမား(၂၂၈)ဦးတို့သည် (၇-၈-၂၀၁၇) ရက်နေ့၊ နေ့လည်မှစ၍ လုပ်ငန်းခွင်စက်ရုံမှ ထွက်ခွာပြီး၊ ပြင်ပတွင် ဆန္ဒပြစုဝေးတောင်းဆိုခဲ့ကြသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက အလုပ်သမားများအား လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ကြရန် (၁၁-၈-၂၀၁၇) ရက်နေ့တွင် ပထမအကြိမ်၊ (၁၄-၈-၂၀၁၇) ရက်နေ့တွင် ဒုတိယအကြိမ်နှင့် (၁၅-၈-၂၀၁၇) ရက်နေ့တွင် တတိယအကြိမ် အသိပေးကြေညာခဲ့သော်လည်း၊ အလုပ်သမားများက လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ခြင်းမရှိခဲ့၍ မိမိတို့သဘောဆန္ဒအရ အလုပ်ရှင်သည် အလုပ်မှနှုတ်ထွက်သည်ဟု မှတ်ယူ၍ အလုပ်သမားများအား အလုပ်မှရပ်စဲထုတ်ပယ်ခဲ့သည်။ (၂၈-၈-၂၀၁၇) ရက်နေ့တွင် ဒေါ်စောပြည့်သန္တာအောင်ပါ အလုပ်သမား (၂၂၈)ဦးက အပြစ်မရှိဘဲ အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အလုပ်ပြန်လည်ခန့်ထားခြင်းမပြုပါက နစ်နာကြေးပေးရန် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြတိုင်ကြားသဖြင့် ဤအငြင်းပွားမှုပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သိရှိရသည်။

၇။ ဤအငြင်းပွားမှုအား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖျန်ဖြေပေးရာတွင် အလုပ်ရှင်က အလုပ်သမားများအား အလုပ်မှထုတ်ပယ်ခြင်းမဟုတ်ကြောင်း၊ ဆန္ဒပြစုဝေးတောင်းဆိုမှုနှင့် ပတ်သက်၍ အလုပ်သမားများအား စက်ရုံအတွင်း လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ရန် အသိပေးကြေညာခဲ့သော်လည်း ဝင်ရောက်လာခြင်းမရှိခဲ့၍ မိမိတို့သဘောဆန္ဒအရ အလုပ်မှနှုတ်ထွက်သည်ဟု မှတ်ယူပါကြောင်း၊ အလုပ်သမားများ၏ တောင်းဆိုချက်ကို လိုက်လျောရန်ဆန္ဒမရှိခြင်းကြောင့် ညှိနှိုင်းဖျန်ဖြေမှုအဆင့်တွင် ပြေငြိမ်းမှုမရရှိဘဲ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ဆက်လက်ခံယူမည်ဖြစ်ကြောင်း ထွက်ဆိုချက်အရ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၀၃/၂၀၁၇) အဖြစ် ဤအငြင်းပွားမှုအား ကြားနာစစ်ဆေး၍ (၂၉-၉-၂၀၁၇) ရက်နေ့တွင် စီရင်ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ တောင်းဆိုခြင်းခံရသူ (အလုပ်ရှင်/စီမံခန့်ခွဲသူ)က ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်

ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ (၁၀-၁၀-၂၀၁၇) ရက်စွဲပါ တင်ပြစာဖြင့် ပြင်ဆင်မှု လျှောက်ထားလာခြင်းဖြစ်ပေသည်။

__သုံးသပ်ချက်__

၈။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ဤအငြင်းပွားမှုအား ကြားနာစစ်ဆေးရာတွင် အလုပ်ရှင်က နှစ်ဦးနှစ်ဖက်ပြေလည်အေးချမ်းမှုကိုရရှိလိုသဖြင့် အငြင်းပွားမှုကို ရုပ်သိမ်းလိုပါကြောင်း၊ ဤအငြင်းပွားမှုကို ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ခဲ့သည့်အတိုင်း အလုပ်သမားများအား မူလလစာ၊ မူလနေရာ၊ မူလလုပ်သက်မပျက်ပြန်လည်ဝင်ရောက်ခွင့်ပြုကြောင်း၊ အလုပ်ပြန်လည်မခန့်ထားလိုသည့် အလုပ်သမား (၅)ဦးအား နစ်နာကြေးအဖြစ် ၎င်းတို့၏လုပ်ခလစာ (၃)လစာကို ခံစားခွင့်ပေးပြီးဖြစ်ပါကြောင်း၊ တရားမဝင် ဥပဒေမဲ့ဆန္ဒပြတောင်းဆိုသော အလုပ်သမား(၁၁)ဦးအား တရားရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုထားခြင်းကိုလည်း အမှုပိတ်သိမ်းပေးရန် နှစ်ဖက်သဘောတူထားပြီးဖြစ်ပါကြောင်း၊ ၎င်းတရားစွဲဆိုထားသူ အလုပ်သမား(၁၁)ဦး(ဦးစိုးသူရကိုမပါ )အား လူမှုကရုဏာကြေးအဖြစ် တစ်ဦးလျှင် ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)စီကို ပေးအပ်ပြီးဖြစ်ပါကြောင်း၊ အလုပ်သမားများနှင့်လည်း နှစ်ဖက်သဘောတူညီမှုရရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအငြင်းပွားမှုအား ပြေငြိမ်းစွာဖြင့် ရုပ်သိမ်းလိုပါကြောင်း ထွက်ဆိုတင်ပြသည်။

၉။ တောင်းဆိုသူအလုပ်သမားများကိုယ်စား ဒေါ်စောပြည့်သန္တာအောင်က အလုပ်ရှင်ဘက်မှ မိမိတို့အား အလုပ်ပြန်လည်ခန့်ထားပေးခြင်း၊ တရားစွဲဆိုခံထားရသည့် အလုပ်သမားများအား တရားရုံးတွင် အမှုပိတ်သိမ်းပေးခြင်းနှင့် ၎င်းအလုပ်သမားများအား လူမှုကရုဏာကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီပေးအပ်ခြင်းတို့အတွက် အလုပ်ရှင်/စီမံခန့်ခွဲသူအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာဆောင်ရွက်ပြီး၊ နောင်တွင် တရားမဝင် ဥပဒေမဲ့ဆန္ဒပြတောင်းဆိုမှုများကို ပြုလုပ်မည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ အငြင်းပွားမှုကို ပြေငြိမ်းစွာဖြင့် အမှုရုပ်သိမ်းပေးခြင်းကို အလုပ်သမားများအားလုံးကိုယ်စား သဘောတူညီပါကြောင်း ထွက်ဆိုတင်ပြသည်။

၁၀။ ဤအငြင်းပွားမှုသည် ကျွန်ုပ်တို့ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်၌ တောင်းဆိုခြင်းခံရသူ (အလုပ်ရှင်/စီမံခန့်ခွဲသူ)နှင့် တောင်းဆိုသူ (အလုပ်သမားများ)၏ နှစ်ဖက်ထွက်ဆိုချက်များအရ အလုပ်သမားများအား အလုပ်ပြန်လည်ခန့်ထားခြင်း၊ တရားမဝင်ဥပဒေမဲ့ ဆန္ဒပြတောင်းဆိုသူ အလုပ်သမား(၁၁)ဦးအား တရားရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုထားသည့်အမှုကို ပိတ်သိမ်းပေးသည့်အပြင် ကရုဏာကြေးအဖြစ် တစ်ဦးလျှင် ကျပ်တစ်သိန်းစီပေးအပ်ခြင်း၊ အလုပ်ပြန်မခန့်သည့် အလုပ်သမား(၅)ဦးအား နစ်နာကြေးအဖြစ် (၃)လစာကိုခံစားခွင့်ပေးခြင်းတို့ကို အလုပ်သမားများဘက်မှခံစားရရှိကြပြီး၊ နှစ်ဖက်အငြင်းပွားသူများက သဘောတူပြေငြိမ်းကြောင်း တင်ပြကြသဖြင့် ဤအငြင်းပွားမှုအား ပိတ်သိမ်းသင့်သည်ဟု သုံးသပ်ရရှိသည်။

၁၁။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် နှစ်ဖက်ထွက်ဆိုချက်များဖြစ်သည့် အပေးအယူသဘောတူညီသော ဆန္ဒသဘောထားများနှင့် နှစ်ဖက်သဘောတူပြေငြိမ်းကြောင်း တင်ပြချက်တို့ကို အလေးထားဆင်ခြင်သုံးသပ်ထောက်ရှု၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃(ဆ)ကို ကျင့်သုံးလျက် ဤအငြင်းပွားမှုအား ပိတ်သိမ်းနိုင်စေရန်အလို့ငှာ စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၏ ၂၃(ဆ)အရ သက်ဆိုင်ရာ လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်၌ နှစ်ဖက်သဘောတူစာချုပ် ပုံစံ (၄)တွင် အောက်ဖော်ပြပါ သဘောတူညီချက်များကို ထည့်သွင်းဖော်ပြချုပ်ဆို၍ ဤအငြင်းပွားမှုအား ပိတ်သိမ်းရန်ဆုံးဖြတ်သည်-

**အလုပ်ရှင်သည်-**

(၁) မူလက ဒေါ်စောပြည့်သန္တာအောင်ပါ (၂၂၈)ဦးအနက် အလုပ်ပြန်လည်ဝင်ရောက်သူများရှိသဖြင့် အလုပ်သမား (၁၅၀) ဦးခန့်ကျန်ရှိသည်။ ကျန်ရှိသည့် အလုပ်သမား (၁၅၀)ဦးအနက် (တရားစွဲခံရသူ (၁၁)ဦး၊ အလုပ်ရပ်စဲမှုနစ်နာကြေးခံစားရရှိသူ (၅)ဦးမပါ) နှုတ်ပယ်ပါက ဒေါ်စောပြည့်သန္တာအောင်ပါ အလုပ်သမား (၁၃၀)ဦးခန့်ကျန်ရှိသည်။ ၎င်းအလုပ်သမားများအား မူလလစာ၊ မူလနေရာ၊ မူလလုပ်သက်မပျက် (ကြားကာလနစ်နာကြေးပေးရန်မလိုဘဲ) အလုပ်ပြန်လည်ဝင်ရောက်ခွင့်ပြုရန်၊

(၂) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅(က)အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုဆောင်ရွက်ရန်၊

(၃) အလုပ်ပြန်လည်ခန့်ထားရန်မလိုသည့် အလုပ်သမား (၅) ဦးအား နစ်နာကြေးအဖြစ် ၎င်းတို့၏ (၃)လစာနှင့်ညီမျှသော အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန်၊

(၄) တရားမဝင် ဥပဒေမဲ့ဆန္ဒပြတောင်းဆိုသူ အလုပ်သမား (၁၁)ဦးအား ပြစ်မှုကြောင်းအရ တရားရုံးတွင် တရားစွဲဆိုထားမှုအား အမှုပိတ်သိမ်းပေးရန်နှင့် ၎င်းအလုပ်

သမားများအား လူမှုကရုဏာကြေးအဖြစ် တစ်ဦးလျှင် ၁၀၀,၀၀၀/-(ကျပ်တစ် သိန်းတိတိ)စီပေးအပ်ရန်၊

**အလုပ်သမားသည်-**

(၁) နောင်တွင် တရားမဝင်ဥပဒေမဲ့ဆန္ဒပြတောင်းဆိုခြင်းမျိုး မပြုလုပ်ဘဲ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီတင်ပြတောင်းဆို၍ ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၂) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို အလုပ်သမားတစ်ဦးချင်းစီ ချုပ်ဆိုဆောင်ရွက်ရန်၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ (၂၉-၉-၂၀၁၇)ရက်နေ့တွင်ချမှတ်ခဲ့သောအငြင်းပွားမှုအမှတ်(၁၀၃/၂၀၁၇)၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

၁၂။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| (signature) | (signature) | (signature) |
| ဦးထွန်းအောင် | ဦးဖေအောင်ဝန် | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |